# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ
## ညွှန်ကြားချက်အမှတ်၊ ၁/၂၀၁၇

နေပြည်တော်၊ ၁၃၇၈ ခုနှစ် တန်ခူးလဆန်း ( ၁၁ ) ရက်
၂၀၁၇ ခုနှစ်၊ ဧပြီ လ ( ၇ ) ရက်

၁။ အသေးစား ငွေရေးကြေးရေးလုပ်ငန်း ဥပဒေပုဒ်မ ၆၈ ပုဒ်မခွဲ(ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ ၂၀-၂-၂၀၁၇ရက်နေ့တွင် ကျင်းပသည့် အသေးစား ငွေရေးကြေးရေး လုပ်ငန်းကြီးကြပ်မှု ကော်မတီ အစည်းအဝေး အမှတ်စဉ်(၂/၂၀၁၇)ကြိမ်မြောက် အစည်းအဝေး ဆုံးဖြတ်ချက်အရအသေးစားငွေရေးကြေးရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီသည် ဤညွှန်ကြားချက် အမှတ် ၁/၂၀၁၇ ကို ထုတ်ပြန်လိုက်သည်။

၂။ အသေးစားငွေရေးကြေးရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီသည် အသေးစားငွေရေးကြေးရေး အဖွဲ့အစည်းများမှ အသင်းသားတစ်ဦးသို့ အများဆုံးထုတ်ချေးနိုင်သည့် ချေးငွေအရွယ်အစားနှင့် ပတ်သက်၍ အောက်ပါအတိုင်း သတ်မှတ် ထုတ်ပြန်လိုက်သည်-

(က) **အသင်းသားတစ်ဦးသို့ အများဆုံးထုတ်ချေးနိုင်သည့် ချေးငွေအရွယ်အစား။** ကျပ်သိန်း (၁၀၀)

(ခ) **ထုတ်ချေးနိုင်သော လုပ်ငန်းအမျိုးအစား။** စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေး လုပ်ငန်း၊ ဝန်ဆောင်မှုလုပ်ငန်း၊ အသေးစား ကုန်ထုတ်လုပ်ငန်းများအပါအဝင် တည်ဆဲဥပဒေများအရ ကန့်သတ်ပိတ်ပင်ထားခြင်းမရှိသော မည်သည့်အသေးစား၊ အလတ်စား၊ စီးပွားရေးလုပ်ငန်းများကိုမဆို ထုတ်ချေးနိုင်သည်။

(ဂ) **ထုတ်ချေးရာတွင် လိုက်နာရမည့်စည်းမျဉ်းသတ်မှတ်ချက်များ။**

(၁) မည်သည့်လုပ်ငန်းအတွက် ချေးယူသည်ဖြစ်စေ၊ ချေးငွေအတွက် အပေါင်ပစ္စည်း၊ အာမခံပစ္စည်း ရယူခွင့်မပြု။ သို့ရာတွင် ချေးငွေထုတ်ချေးနိုင်ရေး အတွက် ပစ္စည်းပိုင်ဆိုင်မှုအပါအဝင် လိုအပ်သော စိစစ်လေ့လာမှုများ ဆောင်ရွက်နိုင်သည်။

(၂) မိမိထုတ်ချေးသော လုပ်ငန်းအမျိုးအစားအလိုက် ငွေချေးယူမှု ရည်ရွယ်ချက် အတိုင်း အသုံးပြုမှုရှိမရှိ စနစ်တကျ စိစစ်ရမည်။

(၃) မိမိထုတ်ချေးသောချေးငွေဖြင့် လည်ပတ်သော စီးပွားရေးလုပ်ငန်း၏ လုပ်ငန်း အခြေအနေနှင့် ငွေကြေးဆိုင်ရာအခြေအနေတို့ကို စဉ်ဆက်မပြတ် ထိတွေ့ စစ်ဆေးရမည်။

(၄) ချေးငွေအချိန်ကာလသတ်မှတ်မှု၊ ပြန်လည်ပေးဆပ်ရမည့် အကြိမ်အရေ အတွက်နှင့် အကြိမ်အလိုက်ပေးဆပ်ရမည့်ငွေပမာဏတို့ကို အသင်းသားက ပြန်လည်ပေးဆပ်ရန် အဆင်ပြေမည့် စည်းကမ်းသတ်မှတ်ချက်များဖြင့် အသင်းသားများနှင့် ညှိနှိုင်းသတ်မှတ်ရမည်။

(ဂ) ချေးငွေပြန်လည်ပေးဆပ်မှု နောက်ကျခြင်း၊ ပြန်လည်ပေးဆပ်မှုမရှိခြင်း အပါအဝင် အသင်းသားများနှင့် အငြင်းပွားမှု ဖြစ်ပါက အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှု ကော်မတီနှင့် ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာနက သတ်မှတ်ထုတ်ပြန်ထားသော ညွှန်ကြားချက်များနှင့်အညီ ဖြေရှင်းဆောင်ရွက်ရမည်။ မည်သို့မျှ ဖြေရှင်းဆောင်ရွက်ရန် အဆင်မပြေတော့သည့် အခြေနေတွင်သာ အခြားတည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်ရမည်။

(ဃ) ထုတ်ချေးသောချေးငွေဖြင့် ဆောင်ရွက်မည့် ဝင်ငွေရလုပ်ငန်းများအတွက် နည်းပညာ၊ အတတ်ပညာနှင့် သွင်းအားစုများ ပံ့ပိုးဖြည့်ဆည်းပေးခြင်း၊ ဈေးကွက်ရှာဖွေပေးခြင်း တို့ကို အသင်းသားနှင့် ညှိနှိုင်းသဘောတူ ဆောင်ရွက်နိုင်သည်။ ၎င်းအတွက် ကျသင့်သည့်ကုန်ကျစရိတ်များကို အသင်းသားသို့ ရှင်းရှင်းလင်းလင်းအသိပေး၍ နှစ်ဖက်သဘောတူ ညှိနှိုင်းသတ်မှတ်ရမည်။

(င) မိမိ၏ ချေးငွေဖြင့်လည်ပတ်သော အသင်းသားများ၏ စီးပွားရေးလုပ်ငန်း စီမံခန့်ခွဲမှု၊ ငွေကြေးစီမံခန့်ခွဲမှု၊ စာရင်းဇယားထိန်းသိမ်းမှုအပါအဝင် လိုအပ်သော နည်းပညာ၊ အတတ်ပညာတို့ကို ပံ့ပိုးဆောင်ရွက်ပေးရမည်။

၃။ အထက်ပါ သတ်မှတ်ချက်များကို ဈေးကွက်အခြေအနေနှင့်အညီ လိုအပ်ပါက ပြင်ဆင်သတ်မှတ်ပေးသွားမည်ဖြစ်သည်။

ကျော်ဝင်း
ဥက္ကဋ္ဌ
အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ

စာအမှတ်၊ ကက-၁/၆ ( ၀၇ /၂၀၁၇)
ရက်စွဲ ၊ ၂၀၁၇ ခုနှစ် ဧပြီ လ ၇ ရက်

ဖြန့်ဝေခြင်း
အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီဝင်များအားလုံး
အသေးစား ငွေရေးကြေးရေး အဖွဲ့အစည်းများအားလုံး
ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ် တာဝန်ခံများအားလုံး၊
ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန

အမိန့်အရ

စစ်ဖြီး
7.4.17
(ဒေါက်တာစန္ဒာဦး)
အတွင်းရေးမှူး
အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ